# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၈၆ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

## "Welcome Russia" Program in Myanmar အစီအစဉ်၏
## ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရေးနှင့် "Welcome Russia" Program in Myanmar အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် **"Welcome Russia" Program in Myanmar အစီအစဉ်၏ ဦးဆောင်ကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ထ) အတွင်းရေးမှူး အဖွဲ့ဝင်
မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း

(ဒ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(ဓ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

(န) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ပ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း

(ဖ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

၂။ "Welcome Russia" Program in Myanmar အစီအစဉ်၏ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "Welcome Russia" Program in Myanmar အစီအစဉ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိစေရေးအတွက် ထိရောက်သော ဈေးကွက်မြှင့်တင်မှုအစီအစဉ်များကို ဆောင်ရွက်ရန်၊

(ဂ) ရုရှားခရီးသွားဧည့်သည်များလိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ခရီးစဉ်သွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်စသည်များကို သိရှိနိုင်စေရန်နှင့် ခရီးစဉ်များချောမွေ့စေရေး အထောက်အကူဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အစီအမံများ ညှိနှိုင်းချမှတ်ရေးဆောင်ရွက်ရန်၊

(င) ရုရှားခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးမည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများက ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များဖြည့်ဆည်းရေးနှင့် ဝန်ဆောင်မှုပေးအပ်နိုင်ရေးများကို ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ရုရှားခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ငွေကြေးသုံးစွဲမှု၊ လုံခြုံရေး စသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) "Welcome Russia" Program in Myanmar အစီအစဉ်တွင် ပါဝင်လိုသည့် ခရီးသွားကဏ္ဍဆိုင်ရာလုပ်ငန်းများအား ဦးဆောင်ကော်မတီ၏ စစ်ဆေးမှုဖြင့် အတည်ပြုလက်မှတ် Welcome Russia Quality Mark ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဇ) "Welcome Russia" Program in Myanmar အစီအစဉ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အသုံးစရိတ်များအား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဈ) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖွဲ့စည်း ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး